# ဖြတ်သန်းခဲ့ရသော အိပ်မက်ဆိုး

## အနှစ်ချုပ်တင်ပြချက်

*မြန်မာ့နိုင်ငံရေးအပြောင်းအလဲအား အမှန်တကယ် ဖြစ်ထွန်းစေလိုသူတိုင်းအဖို့၊ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးသည် အရေးအကြီးဆုံးသော ကိစ္စရပ်ပင်ဖြစ်ပေသည်။*

*ဒေါ်အောင်ဆန်းစုကြည် (ဩဂုတ် ၂၀၀၂ )*

နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် အရေးဆိုကြရန်၊ ၂၀၀၅ ခုနှစ် ဇွန်လတွင် ကမ္ဘာ့နိုင်ငံအမြောက်အများမှ ခေါင်းဆောင်များ ဆုံစည်းခဲ့ကြပါသည်။ အဆိုပါပုဂ္ဂိုလ်များ၏ ပြုမူဆောင်ရွက်ချက်က ဖော်ညွှန်းလိုက်သည်မှာ၊ မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက်၊ လိုလားထက်သန်လှသည့်တာဝန်ယူဆောင်ရွက်ချက်တရပ်ကို မလွဲမသွေလုပ်ဆောင်သွားရန်ပင် ဖြစ်ပေသည်။ တတိယအကြိမ်မြောက် နေအိမ်အကျယ်ချုပ်ဖမ်းဆီးထိန်းသိမ်းခြင်းမခံရမီက၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို မလွှတ်ပေးသေးသရွေ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်လာနိုင်စရာအကြောင်းမရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် နိုင်ငံတကာသို့ နှိုးဆော်ခဲ့၏။

၁၉၈၈ ခုနှစ် မတ်လတွင် ကျောင်းသားအချို့နှင့် ရပ်ကွက်အာဏာပိုင်များအကြား ခိုက်ရန်ဖြစ်ပွါးခဲ့သောကိစ္စသည်၊ မြန်မာပြည်သူတို့၏ ကာလရှည်ကြာလေးမြင့်စွာ တောင့်တခဲ့ကြရသည့် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတောင်းဆိုသည့် လှုပ်ရှားမှုကြီးအဖြစ်သို့ အစပျိုးပေးခဲ့ခြင်းပင်ဖြစ်၏။ ထို့နောက်ပိုင်းကာလများတွင်၊ လူထုလူတန်းစားအလွှာအသီးသီးတို့ စတင်စုစည်းခဲ့ကြပြီးနောက်၊ ယင်းတို့၏လိုလားချက်များကို စစ်အာဏာရှင်များထံ တောင်းဆိုခဲ့ကြသည့်အလျောက်၊ မြန်မာပြည် တဝှမ်းလုံး မငြိမ်သက်မှုများ အနှံ့အပြားဖြစ်ပေါ်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အာဏာရအစိုးရအား ကိုင်လှုပ်နိုင်စွမ်းသည့်၊ လူထောင်ပေါင်းများစွာ ပါဝင်သောအုံကြွမှုကြီးတရပ်ဖြစ်ပေါ်ခဲ့သည်။ အဆိုပါလှုပ်ရှားထကြွမှုကား မငြိမ်သက်မှုများ၏ အထွဋ်အထိပ်ပင်ဖြစ်တော့သည်။ သို့သော်ငြားလည်း စစ်အစိုးရသည် တမဟုတ်ခြင်းဆိုသလို တပ်များကိုပြန်လည်စုစည်းပြီး နောက် ဆန္ဒပြသူထောင်ပေါင်းများစွာအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ ထောင်သွင်းအကျဉ်းချခြင်းများကို ဆက်တိုက်ပြုလုပ်လေသည်။ ထိုစဉ်မှစ၍ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူများအနက် အများစုမှာ နောက် ၁၇ နှစ်ကြာသည်အထိ စစ်အစိုးရ၏ စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များတွင် လူမဆန်သည့်ပြုမူဆက်ဆံခံရသူများ၊ နှိပ်စက်ညှဉ်းပန်းခံဘဝများနှင့် ရှိနေဆဲပင်ဖြစ်သည်။

လတ်တလောဖြစ်ခဲ့သည့် ကိစ္စတစ်ခုကိုဖော်ပြလိုပါသည်။ ၂၀၀၅ ခုနှစ်၊ မေလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦးဖြစ်သော ၊ အသက် ၃၀ အရွယ်ရှိ ကိုအောင်လှိုင်ဝင်းအား အစိုးရအာဏာပိုင်များက ရိုက်နှက်ထိုးကြိတ်ပြီး စစ်ကြောရေးစခန်းတခုသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ယင်းနေရာ၌ပင် ထိုသူ့အားနှိပ်စက်ညှဉ်းပန်း၍ သတ်ဖြတ်လိုက်ကြသည်။ အလောင်းခွဲစိတ်မှုအဖြေအရ သေသူ၏ခန္ဓာကိုယ်တွင် နှိပ်စက်ညှင်းပန်းမှုကြောင့် ရရှိသောဒဏ်ရာဒဏ်ချက်များရှိသည်ဟုဆိုသော်လည်း၊ အာဏာပိုင်များက ကိုအောင်လှိုင်ဝင်းသေဆုံးရခြင်းမှာ သဘာဝအလျောက်ရောဂါနှင့်သေဆုံးခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့၏။ ကျန်ရစ်သူမိသားစုအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ အလောင်းအားမြေမြှုပ်သင်္ဂြိုဟ်ပြစ်လိုက်ပြီးနောက်၊ မိသားစုဝင်များကို နှုတ်ပိတ်ကြေးပေးကာ မပေါက်ကြားစေရန်ကြိုးပမ်းခဲ့ကြသည်။ ကိုအောင်လှိုင်ဝင်းသေဆုံးသွားခြင်းကို မိသားစုမှသိသည့်အခါတွင်၊ ထိုကိစ္စကို အမှုဖွင့်ပြီး ရုံးတင်တရားစွဲခဲ့သည်။ သို့သော် အာဏာပိုင်များက ထိုအမှုကို တရားရုံးအဆင့်ဆင့်တွင် ဆက်တိုက်ပယ်ချခဲ့ပြီး အမှုကိုပိတ်ပြစ်ခဲ့ကြသည်။ ထို့ကြောင့်သူ့အားနှိပ်စက်ညှင်းပန်းခဲ့ကြသူများကို မည်သို့မှ အရေးယူနိုင်ခဲ့ခြင်းမရှိပေ။

လက်ရှိနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဟု အမည်ခံထားသောအစိုးရမှာ ၁၉၆၂ ခုနှစ်မှစ၍ နိုင်ငံတော်အာဏာကို တောက်လျှောက်သိမ်းပိုက်ခဲ့သည့် စစ်အစိုးရ၏ အဆက်ပင်ဖြစ်ပေသည်။ ၄င်းတို့၏ အကျဉ်းထောင်များနှင့်၊ စစ်ကြောရေးစခန်းများတွင် နှိပ်စက်ညှဉ်းပန်းမှုများ၊ လူမဆန်သည့်အပြုအမူများရှိကြောင်း ပြောဆိုစွပ်စွဲချက်များကို၊ မဟုတ်မှန်ကြောင်း ချေပငြင်းကွယ်လျက်ရှိပါသည်။ ထိုမျှမက နိုင်ငံရေးအကျဉ်းသားများ မိမိတို့နိုင်ငံတွင်မရှိဟူ၍ပင် ပြောဆိုနေသေး၏။ မည်သို့ပင်ဆိုစေကာမူ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ နယ်စပ်ဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့်အခါ၊ သူတို့ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် လူမဆန်လှသောနှိပ်စက်ညှဉ်းပန်းမှုများကိုသာမက၊ သူတို့မျက်မြင်ကြုံဆုံခဲ့ရသော ဖြစ်ရပ်များကိုပါ ပြန်ပြောင်းပြောဆိုနိုင်စွမ်းများ ရရှိလာကြလေသည်။ မြောက်များလှစွာသော နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ယုံကြည်လက်ခံနိုင်ဘွယ်ရာ ထွက်ဆိုချက်များကြောင့်၊ နှိပ်စက်ညှဉ်းပန်းမှုမရှိပါဆိုသည့် နအဖ စစ်အစိုးရ၏ငြင်းကွယ်ချေပချက်များမှာပျက်ပြယ်ခဲ့ရ၏။ အကျဉ်းခံကာလနှင့် စစ်ကြောရေးကာလများတွင်၊ နိုင်ငံရေးအကျဉ်းသားများ၏ နှိပ်စက်ညှဉ်းပန်းမှု

ဒဏ်ခံခဲ့ရပုံများနှင့် ယင်းတို့၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများကို အသေးစိတ်ဖော်ထုတ်ရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)မှ နိုင်ငံရေးအကျဉ်းသားဟောင်း (၃၅)ဦးကို လူတွေ့မေးမြန်းမှတ်တမ်းတင်ခြင်း ပြုလုပ်ခဲ့ပါသည်။ ယခုအစီရင်ခံစာအတွက် လူတွေ့မေးမြန်းမှတ်တမ်းတင်ခဲ့သည့် နိုင်ငံရေးအကျဉ်းသား အားလုံးတို့မှာ မြန်မာနိုင်ငံရှိ (၄၃) ခုသောအကျဉ်းထောင်အသီးသီးသို့ ပို့ဆောင်ခြင်းမခံရမီ၊ မြောက်များလှစွာသော စစ်ကြောရေးစခန်းတို့၌ နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးကို ကြုံတွေ့ခံစားခဲ့ရသူများဖြစ်ကြပါသည်။ အဆိုပါ အကျဉ်းထောင်တို့တွင်၊ အာဏာပိုင်များမှ တရားလက်လွတ် ပြဋ္ဌာန်းထားသည့်အကျဉ်းထောင်ဥပဒေများကို ချိုးဖေါက်ခြင်းပြုခဲ့လျှင် ၊ တရားဝင်ဖြစ်စေ တရားမဝင်ဖြစ်စေ ပြစ်ဒဏ်ပေးရန် နှိပ်စက်ညှဉ်းပန်းမှုကိုအသုံးပြုခြင်းမှာ မှန်ကန်သည့်လုပ်ရပ်တခုအနေဖြင့် ၄င်းတို့ လုပ်ဆောင်နေသည်မှာ ထင်ရှားလှပါသည်။ လူတွေ့မေးမြန်းခြင်းပြုလုပ်ခဲ့သောသူများအနက် တစ်ဦးမှလွဲ၍ ကျန်သူအားလုံးတို့မှာ ထောင်သွင်းအကျဉ်းချမခံရမီက ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကာလတွင် တက်ကြွစွာပါဝင်ခဲ့ကြသူများဖြစ်ပါသည်။ အများစုမှာ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီးတွင် ကျောင်းသားခေါင်းဆောင်များဖြစ်ကြပါသည်။

*ယခုအစီအရင်ခံစာတွင် အပိုင်း ၅ ပိုင်းခွဲ၍ တင်ပြထားပါသည်*

### ၁) *တရားဥပဒေကြောင်းအရ နှိပ်စက်ညှဉ်းပန်းမှုနှင့် ညှဉ်းဆဲမှုကိုတားမြစ်ခြင်း*

မြန်မာနိုင်ငံတွင် အထိန်းသိမ်းခံများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ညှဉ်းဆဲမှုပြုလုပ်ခြင်း၊ မျှတမှုရှိသည့် တရားခွင်ရင်ဆိုင်မှုပေးရန်ပျက်ကွက်ခြင်း၊ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းများ မပြုလုပ်ရန် လုံခြုံရေးဆိုင်ရာဥပဒေနှင့် အတိအလင်းပြဋ္ဌာန်းထားသော်ငြားလည်း၊ လက်ရှိ အာဏာရ နအဖ စစ်အစိုးရသည် ယင်းတို့၏လုပ်ဆောင်ချက်များအတွက် တာဝန်ယူဖြေရှင်းရန် ရှောင်လွှဲနေခြင်း၊ နိုင်ငံတကာဥပဒေများကို မထေမဲ့မြင်ပြုလုပ်ခြင်းများရှိနေပါသည်။ ယခုကဏ္ဍ၌ နှိပ်စက်ညှဉ်းပန်းမှုကိုမပြုလုပ်ရန် နိုင်ငံတကာ စံများအရ တားမြစ်ထားခြင်းကို ဖေါ်ပြခြင်း၊ နအဖ စစ်အစိုးရ၏ တရားစီရင်ရေးစနစ်အား အလွဲသုံးစားပြုမှုကို ဖေါ်ပြခြင်း၊ နှိပ်စက်ညှဉ်းပန်းမှု ကျူးလွန်သူများအား တရားခွင်တင်ပို့နိုင်ရန် ဖြစ်နိုင်ခြေများ စသည်တို့ကိုတင်ပြထားပါသည်။

### ၂) *စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအတွင်းမှ နှိပ်စက်ညှဉ်းပန်းမှု*

လွန်ခဲ့သည့် ၁၇ နှစ်တာကာလအတွင်း နိုင်ငံရေးအကျဉ်းသားများအပေါ် အသုံးပြုခဲ့သည့် တူညီသောနှိပ်စက်ညှဉ်းပန်းမှုနည်းနာများနှင့်၊ နှိပ်စက်ညှဉ်းပန်းသူများ၏ စိတ်ကူးရရာ နှိပ်စက်ညှဉ်းပန်းသည့် နည်းနာများကို ဖေါ်ပြထားပါသည်။ ယခုအစီရင်ခံစာ၌ အသေးစိတ်ဖေါ်ပြထားသည့် နှိပ်စက်ညှဉ်းပန်းမှုများမှာ၊ လူတွေ့မေးမြန်းမှတ်တမ်းတင်ထားသော နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ပြန်လည်ပြောပြချက်များဖြစ်ပါသည်။ စိတ်ပိုင်းအရ၊ ရုပ်ပိုင်းအရ နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်မှုအရ နှိပ့်ထက်စီးနင်းပြုခြင်းများကို ကဏ္ဍအလိုက်ပိုင်းခြားထားသော်လည်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ထွက်ဆို ချက်များ၌ နှိပ်စက်ညှဉ်းပန်းမှုများ၏ စိတ်ပိုင်းဆိုင်ရာ နက်နက်ရှိုင်းရှိုင်း ထိခိုက်ခံစားရခြင်းများကို ထုတ်ဖေါ်တင်ပြထားပါသည်။

### ၃) *အကျဉ်းထောင်များ၏ယေဘုယျ အခြေအနေ*

ဤအပိုင်းတွင် နိုင်ငံရေးအကျဉ်းသားများနှင့်သက်ဆိုင်သည့် ကျန်းမာရေးနှင့် သန့်ရှင်းရေး၊ အစားအစာနှင့် ရိက္ခာပေးဝေမှု၊ အလုပ်ကြမ်းခိုင်းစေမှု နှင့် တိုက်ခန်းများ၏အခြေအနေ စသည်တို့ကိုတင်ပြထားပါသည်။ အကျဉ်းထောင်များ၏ ညံ့ဖျင်းဆိုးရွားလှသည့် အခြေအနေများကြောင့် အကျဉ်းသားများအကြား ရောဂါဘယကူးစက်ပြန့်ပွားပုံများကို ဖေါ်ပြထားပါသည်။ ယင်းကဲ့သို့ ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားသော ထောင်အခြေအနေများနှင့် ထိုအခြေအနေများကြောင့် ဖြစ်ပေါ်လာရသော ရောဂါဝေဒနာ ခံစားရခြင်းများကို နှိပ့်ထက်စီးနင်းလုပ်ဆောင်မှုအဖြစ်ထက်၊ နှိပ်စက်ညှဉ်းပန်းမှုအဖြစ်သတ်မှတ်ရပေလိမ့်မည်။

### ၄) *အကျဉ်းထောင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်*

အကျဉ်းထောင်များ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် နှိပ့်ထက်စီးနင်းလုပ်ဆောင်မှုအဖြစ်မျှသာမက၊ နှိပ်စက်ညှဉ်းပန်းမှုအဖြစ်အထိ ရောက်သွားစေသည်။ ယခုကဏ္ဍ၌ အကျဉ်းထောင်များအတွင်းမှကူးစက်လာသော ရောဂါဘယများ၊ နိုင်ငံရေးအကျဉ်းသားများအား ပေးသည့်ဆေးဝါးများ၊ ညံ့ဖျင်းလှသည့်ထောင်ဆေးရုံများအခြေအနေ၊ အကျဉ်းထောင်ဆရာဝန်များ၏ အရည်အသွေးမပြည့်ဝမှု စသည်တို့ကို စီစစ်ထုတ်ဖေါ်တင်ပြထားပါသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးကို ပျက်ယွင်းစေရန် တမင်ရည်ရွယ်ထားသောကြောင့်၊ များစွာသောအကျဉ်းသားတို့မှာ မလိုလားအပ်သောရောဂါဝေဒနာများ ခံစားနေ

ကြရသည်။

### ၅)   *နိုင်ငံရေးအကျဉ်းသားများ၏ အနာဂတ်*

နှိပ်စက်ညှဉ်းပန်းမှုနှင့် နိုင့်ထက်စီးနင်းလုပ်ဆောင်မှုများကြောင့် နိုင်ငံရေးအကျဉ်းသားတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဝေဒနာများကို ဖြစ်ပေါ်လာစေပါသည်။ ထိုဝေဒနာများကား နိုင်ငံရေးအကျဉ်းသားဟောင်းတို့အဖို့ နောက်ကြောင်းကိုပြန်လည်တွေးတောလိုက်သည့်အခါတိုင်း ပြန်ပြန်ပေါ်လာလေ့ရှိတတ်ပြီး၊ သူတို့အဖို့ စိတ်ပင်ပန်းဆင်းရဲခြင်းနှင့်သာ ဖက်ပြိုင်နေရ သောဘဝအခြေအနေများကိုဖြစ်စေပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ နှိပ်စက်ညှဉ်းပန်းမှုနှင့် နိုင့်ထက်စီးနင်း အပြုခံခဲ့ရခြင်းတို့ကြောင့်ဖြစ်ရသော ၊ စိတ်ပိုင်း ရုပ်ပိုင်းထိခိုက်မှုများကို ရံဖန်ရံခါ မေ့ပျောက်လျစ်လျူရှုထားတတ်ကြသည်။ ထိုအကြောင်းအရာများကိုပြန်လည်တွေးတောခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက် သို့မဟုတ် စိတ်ရောဂါဝေဒနာများ ခံစားရမည်ကို စိုးသောကြောင့်ဖြစ်ချေ၏။ များစွာသောနိုင်ငံရေးအကျဉ်းသားတို့မှာ ဘဝတွင်ဂရုတမပြုရမည်ဖြစ်သည့် လူမှုဆိုင်ရာ ရှက်ရွံ့သိမ်ငယ်စိတ်များကိုကျော်လွှားကြရပေလိမ့်မည်။ မိမိတို့၏ တစ်ဦးခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို ပြန်လည် ပျိုးထောင်ကြရပေလိမ့်မည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတို့အား စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ပြန်လည် ပြုစုပျိုးထောင်မှုများ၊ အကြံပြုဆွေးနွေးခြင်းများကို မဖြစ်မနေလုပ်ဆောင်ပေးရန်လိုအပ်နေပါသည်။ နိုင်ငံရေးအကျဉ်းသားများအပေါ် ဆက်ဆံရေးသည် မြန်မာပြည်နိုင်ငံရေးအခြေအနေ၏ ထင်ဟပ်ချက်တရပ်ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းမှုဆိုသည်မှာ နအဖ စစ်အစိုးရ၏ နိုင်ငံတော်မူဝါဒဖြစ်ကြောင်း အလွန်ထင်ရှားပါသည်။ နှိပ်စက်ညှဉ်းပန်းမှုဆိုသည်မှာ  မြန်မာပြည်၏စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များတွင် ဖြစ်လေ့ဖြစ်ထရှိသော မထူးဆန်းတော့သည့် အချင်းအရာပင်ဖြစ်နေသည်။ အစိုးရမှ ၄င်းနှင့် နိုင်ငံရေးအရ သဘောထားကွဲလွဲသည်ဟု ယူဆခံရသူမည်သူ့ကိုမဆို  ဦးနှိမ်ပြစ်ရန်နှင့်၊ လူထုအကြားတွင် အကြောက်တရားများ ဖိဆီးလွှမ်းမိုးစေရန်ရည်ရွယ်၍ နှိပ်စက်ညှဉ်းပန်းမှုကို လုပ်ဆောင်နေလျက်ရှိသည်။ ယနေ့ မြန်မာပြည်သူတစ်ရပ်လုံးသည် အစိုးရနှင့် ဆန့်ကျင်ဖက် ဖြစ်သွားနိုင်လိမ့်မည်ဟု ထင်မှတ်ရသည့် အပြုအမူများကို လုပ်ဆောင်ရန်ကြောက်ရွံ့စိုးရိမ်နေကြသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်မိသည်ဆိုသည်နှင့် အဖမ်းခံရနိုင်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရနိုင်ခြင်း၊ နှစ်ရှည်ထောင်သွင်းအကျဉ်းချ ခံရနိုင်ခြင်း တို့ကြောင့်ပင်ဖြစ်ပါသည်။

### *နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)မှ  အောက်ပါအတိုင်းတိုက်တွန်းလိုက်ပါသည်။*

### ကုလသမဂ္ဂသို့ တိုက်တွန်းချက်

၁)  ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အထွေထွေအတွင်းရေးမှူးချုပ်အား လုံခြုံရေးကောင်စီ၏ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်တာဝန်ပေးရန်နှင့် ယင်း၏လုပ်ဆောင်ချက်များ၊ တိုးတက်မှုများနှင့်စပ်လျဉ်း၍ နောက်ဆုံး ရရှိသော အချက်အလက်များကို လုံခြုံရေးကောင်စီသို့ ပုံမှန်အစီရင်ခံစေရန် မေတ္တာရပ်ခံပေးပါရန်။

၂) မြန်မာပြည်လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မစ်ရှင်၏ နှစ်စဉ်ဆုံးဖြတ်ချက်တွင် မြန်မာပြည်အကျဉ်းထောင်များ၊ စစ်ကြောရေးစခန်းများ၏ နှိပ်စက်ညှဉ်းပန်းမှု၊ တရားလက်လွတ်ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း စသည်တို့ကို ပြစ်တင်ရှုတ်ချပေးပါရန်။

### *နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့  တိုက်တွန်းချက်*

၁)  နအဖ အနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

၂)  လူသားခြင်းစာနာမှု ရှုထောင့်မှကြည့်၍ ကျန်းမာရေးမကောင်းသည့် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးရန်။

၃)  နိုင်ငံရေးနှင့် နိုင်ငံသားဆိုင်ရာအခွင့်အရေး နိုင်ငံတကာပဋိညာဉ်စာချုပ်နှင့်၊ နှိပ်စက်ညှဉ်းပန်းမှုဆန့်ကျင်ရေး သဘောတူညီချက်တွင် လက်မှတ်ရေးထိုးရန်။ အဆိုပါစာချုပ်များ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များ၏ လုပ်ငန်းဆောင်တာများ၊ လုပ်ရပ်များကို ထိထိရောက်ရောက် ကိုင်တွယ်အကောင်အထည်ဖေါ်ဆောင်ရွက်သွားရန်။

၄)အစိုးရအဖွဲ့၏အဆင့်အမြင့်ဆုံးတာဝန်ရှိပုဂ္ဂိုလ်မှ  နှိပ်စက်ညှဉ်းပန်းမှုများကို  လူသိရှင်ကြားပြစ်တင်ရှုတ်ချပေးရန်၊ အကျဉ်းဦးစီးဌာနနှင့် စစ်ကြောရေးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ စစ်ထောက်လှမ်းရေး၊ ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင် အရာရှိများအားလည်းကောင်း ယင်းတို့လက်ဝယ်ရှိ မည်သည့် အထိန်းသိမ်းခံတဦးတယောက်ကိုမှ နှိပ်စက်ညှဉ်းပန်းခြင်း မပြုစေရန် အမိန့်ညွှန်ကြားချက်များထုတ်ပြန်ပေးရန်။

၅) နိုပ်စက်ညှဉ်းပန်းမှုအား ကြီးလေးသောရာဇဝတ်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာဥပဒေကို ပြန်လည်သုံးသပ်ရန်။

၆) လူတဦးတစ်ယောက်အား ဖမ်းဆီးချုပ်နှောင်ပြီးနောက် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များထံမှောက်သို့ မပို့ဆောင်မီ ထိုသူအား သက်ဆိုင်ရာမိသားစုများနှင့်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ရှေ့နေရှေ့ရပ်များနှင့်လည်းကောင်း၊ နှောင့်နှေးကြန့်ကြာခြင်းမရှိပဲ တွေ့ခွင့်ပြုခြင်းအားဖြင့်ဖြစ်စေ၊ ပြင်ပနှင့်အဆက်အသွယ်ဖြတ်တောက်ချုပ်နှောင်ထားခြင်းကို ရပ်တန့်လိုက်ခြင်းအားဖြင့်ဖြစ်စေ၊ အချုပ်နှောင်ခံရသူအား နှိပ်စက်ညှဉ်းပန်းမှုမှ ကာကွယ်ပေးနိုင်မည့် အစီအမံများကို လိုက်နာလုပ်ဆောင်ရန်။

၇) အကျဉ်းထောင်တွင်းသေဆုံးခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ ညှင်းဆဲခံရခြင်း စသည့် တိုင်တန်းစွပ်စွဲချက်များကို ထိရောက်မြန်ဆန်၍ ဘက်လိုက်မှုကင်းသော စုံစမ်းစစ်ဆေးမှုကို စောလျင်စွာပြုလုပ်ပြီးနောက် နှိပ်စက်ညှဉ်းပန်းမှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ရုံးတင်စစ်ဆေးခြင်းပြုလုပ်ပေးရန်။

### *နိုင်ငံတကာအစိုးရများသို့ တိုက်တွန်းချက်*

၁) နိုင်ငံတကာအစိုးရများအနေဖြင့် နအဖ စစ်အစိုးရအား နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိ ချက်ခြင်း ပြန်လွှတ်ပေးရန်အတွက် တောင်းဆိုပေးကြပါရန်။

၂) နိုင်ငံတကာအစိုးရများအနေဖြင့် နှိပ်စက်ညှဉ်းပန်းမှုကို အကြွင်းမဲ့ဝိုင်းဝန်းပြစ်တင်ရှုတ်ချပေးရန်နှင့် နအဖ အား အလားတူလုပ်ဆောင်စေရန်အတွက် တောင်းဆိုပေးကြရန်။

၃) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့် အဓိပ္ပါယ်ရှိသည့် တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်စေရန် နအဖ စစ်အစိုးရအား တိုး၍ဖိအားပေးကြရန်။

၄) နအဖ စစ်အစိုးရအနေဖြင့် လူ့အခွင့်အရေးကိစ္စနှင့်ဖြစ်စေ၊ အထူးသဖြင့် နှိပ်စက်ညှဉ်းပန်းမှုနှင့် ဥပဒေမဲ့ဖမ်းဆီးခြင်းများ ကိစ္စများနှင့်ဖြစ်စေ တစုံတရာထူးခြားကောင်းမွန်သည့် လုပ်ဆောင်ချက်များကို မလုပ်ဆောင်သရွေ့၊ နိုင်ငံတကာ အစိုးရများက အကြွေးလျော်ခြင်း၊ ငွေချေးခြင်းများခြင်းမပြုလုပ်ရန်နှင့်၊ စီးပွားရေးပိတ်ဆို့မှုများ လက်တွေ့လုပ်ဆောင်ရန်နှင့် ဆက်လက်ထားရှိပေးရန်။

၅) မလိုလားအပ်သော နအဖ စစ်အစိုးရ၏ချုပ်ကိုင်ကန့်သတ်မှုများမပါပဲ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်များကို အကျိုးရှိစေမည့် အထောက်ပံ့အကူအညီမျိုးကိုသာ ရှာဖွေလုပ်ကိုင်ပေးကြပါရန်။

### ***NGOs*** *နှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ တိုက်တွန်းချက်*

၁) မြန်မာစစ်အစိုးရ၏ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းမှုပြုလုပ်နေခြင်းတို့အား ရပ်တန့်ပေးရန် လုပ်ဆောင်နေသော နိုင်ငံတကာလှုပ်ရှားမှုများအားထောက်ခံကြခြင်းဖြင့်လည်းကောင်း၊ လူအများသိသာစေရန်ကြေညာချက်များ ထုတ်ပြန်ပေးကြခြင်းဖြင့် လည်းကောင်း ယင်းလှုပ်ရှားမှုများ၌ လက်တွဲပါဝင်ကြပါရန်။

၂) စစ်ကြောရေးစခန်းများနှင့်၊ အကျဉ်းထောင်များတွင် လူ့အခွင့်အရေးချိုးဖေါက်နေမှုများကို၊ နိုင်ငံရေးအကျဉ်းသားဟောင်း များက ပြစ်တင်ရှုတ်ချနေခြင်းကို ကူညီအားဖြည့်လုပ်ကိုင်ပေးကြပါရန်။

၃) မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများခံစားနေရသည့်စိတ်ဒဏ်ရာဒဏ်ချက်များ သက်သာစေရန် ပြန်လည်ပြုစုပျိုးထောင်ပေးခြင်းနှင့် အကြံပြုဆွေးနွေးခြင်းများ ကြိုးစားရှာဖွေကူညီ လုပ်ဆောင်ပေးကြပါရန်။

၄) နိုင်ငံရေးအကျဉ်းသားမိသားစုများကို ကူညီထောက်ပံ့ဖြည့်ဆည်းပေးကြပါရန်။ သို့မှသာ မိသားစုဝင်များအနေနှင့် နိုင်ငံရေးအကျဉ်းသားများထံ သွားရောက်တွေ့ဆုံနိုင်မည်ဖြစ်ပြီး၊ သူတို့လိုအပ်မည့်ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် အကျဉ်းသားများ၏ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပြုရာ၌ လိုအပ်မည့်အကူ အညီအထောက်အပံ့ ဖြစ်စေနိုင်ရေးများကိုရှေးရှု ဆောင်ရွက်ပေးကြပါရန်။

# ဖြတ်သန်းခဲ့ရသော အိပ်မက်ဆိုး

အစီရင်ခံစာမိတ်ဆက်

အချိန်ကားသန်းကောင်ယံ၊ ***တံခါးဖွင့်စမ်း... တံခါးဖွင့်စမ်း*** နဲ့ အတင်းအော်ဟစ်အမိန့်ပေးသံများ၊ တံခါးရွက်ကို တဝုန်းဝုန်းနှင့်ထုနေသံများ၊ နားကွဲမတတ်။ ဒီအချိန်မှာပါပဲ စာရွက်စာတမ်းတွေ မှတ်တမ်းမှတ်ရာတွေကို ၊ လွတ်လိုလွတ်ငြား သိမ်းဖို့ဝှက်ဖို့ အသည်းအသန်လုပ်နေရပြီပေါ့။ တကယ်ဆိုတော့ ဒီစာရွက်စာတမ်းဆိုတာတွေဟာ ကိုယ့်တိုင်းပြည် ဒီမိုကရေစီရေးအတွက် ရေးချွတ်ထားတဲ့ဟာတွေကလွဲလို့ ရာဇဝတ်မှုမြောက်တဲ့အထောက်အထားတွေမဟုတ်ဘူးဆိုတာကို၊ ခင်ဗျားသိသလို ကျနော်လည်း နားလည်ပြီးသားပါ။ ဒီစာရွက်စာတမ်းတွေဟာ ဘယ်သူတစုံတယောက်ရဲ့ အသက်အန္တရာယ်ကိုမှ ဒုက္ခပေးမှာ မဟုတ်ပေမယ်လို့၊ ခင်ဗျားတို့ ကျနော်တို့ကို ဖမ်းမယ့်သူတွေရဲ့ ခက်ထန်ကြမ်းကြုတ်လှတဲ့ အတွေးစိတ်ထဲမှတော့ ဒါတွေဟာ တော်တော်အန္တရာယ်ရှိတဲ့ဟာတွေလို့ ယူဆထားကြတာလေ။ ဟုတ်တယ်မို့လား။ နောက်ဆုံးတော့ မိသားစုကို ကြေကြေကွဲကွဲ နှုတ်ဆက်ရပြီ။ ပြောမယ့်သာပြောနေတာ၊ အဲဒီအချိန်မှာ ခင်ဗျားရင်တွေက တဒိုင်းတဒိုင်းခုန်၊ ခင်ဗျားစိတ်တွေ ကယောက်ကယက်ဖြစ်နေတဲ့ကြားက ဘာမှမပူပါနဲ့၊ အေးအေးဆေးဆေးနေကြပါ၊ အားလုံးအဆင်ပြေသွားမှာပါပေါ့ လို့ ကြိုးစားပြောနေရင်း၊ ဒီနောက် တံခါးကို ညင်ညင်သာသာလေးဟပေးလိုက်တယ်ဆိုရင်ပဲ ၊ သူတို့ ခင်ဗျားအိမ်ထဲကို အတင်းစွတ်ဝင်လာကြပြီ။ နောက်တော့ ရှိသမျှအကုန် လှန်ကြ လှောကြ။ ရှာကြ ဖွေကြ။ မွှေကြ နှောက်ကြ။ အားလုံးတစစီ ဖရိုဖရဲ၊ ကျွမ်းထိုးမှောက်ခုံ။ ပြီးတော့ သူတို့နဲ့ ခဏလောက်လိုက်ခဲ့ဖို့ ပြောမယ်။ ဒါဟာ သူတို့ခင်ဗျားကိုဖမ်းလိုက်ပြီဆိုတဲ့သဘောပဲ။ ဒါပေမယ့် ခင်ဗျားကို ဘယ်လိုဖမ်းဝရမ်းမှ ပြလိမ့်မယ်လို့တော့ မထင်လိုက်နဲ့။ ဘာရှာဖွေပုံစံမှ မလိုဘူး။ ဘာတရားဥပဒေဆိုင်ရာ အထောက်အထားမှ မလိုဘူး။ ဘာဆို ဘာမှမလိုဘူး။ သူတို့ဖမ်းချင်တဲ့အချိန် ဖမ်းချင်တဲ့နေရာမှာ ဖမ်းချင်တဲ့သူကို ဖမ်းချင်သလိုဖမ်းခွင့်ရှိနေမှတော့။

ဒီနောက် ခင်ဗျားကို ခေါင်းစွပ်စွပ်၊ လက်ထိပ်နောက်ပြန်ခတ်လိုက်ပြီ။ ဒီအချိန်မှာ ခင်ဗျားဟာ သူတို့အပေါ်လုံးလုံးလျားလျား မှီခိုရတော့မယ့် ဘဝ။ လှုပ်လည်းမလှုပ်နိုင်၊ မြင်လည်းမမြင်နိုင်တော့ပြီမို့လား။ နောက်တော့ ဗင်ကားလေးတစ်စီးပေါ်တင်မယ်၊ ကားပေါ်ရောက်ရင် မှောက်ခုံမှောက်ခိုင်းထားမယ်။ ကျောကိုသေနတ်နဲ့ထောက်ထားမယ်။ မတော်တဆ သေနတ်ကကျည်ဆံ မထွက်သွားပါစေနဲ့လို့ ဘုရားတရားတပြီးသာ လိုက်သွားပေတော့။ ဘယ်ကိုသွားနေတယ်ဆိုတာကို ခင်ဗျားကို ပြောမှာမဟုတ်သလို၊ မေးလို့လည်းဘာအကြောင်းမှထူးစရာမရှိဘူး။ ရုတ်တရက် ကားထိုးရပ်လိုက်ပြီ။ ကားပေါ်ကဆင်းဖို့ ရန့်ရင်းကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ အမိန့်ပေးသံတွေကြားရမယ်။ ကားအောက်ရောက်တာနဲ့ ***ဟေ့ကောင် ငုံ့... ငုံ့၊ ကျော်... ကျော်၊ ခုန်... ခုန်၊ ဘယ်ကွေ့... ညာကွေ့*** အမိန့်ပေးသံတွေနဲ့အတူ၊ လှောင်ပြောင်ရယ်မောသံတွေကြားတော့မှ၊ ခင်ဗျားကို ဟာသလုပ်နေတာ ပါလားလို့ သိရမှာ။ နောက်တော့ ခင်ဗျားကို အခန်းကျဉ်းကလေးတစ်ခန်းထဲကို ထည့်လိုက်ပြီ။ အဲဒီနေရာမှာပေါ့၊ ခင်ဗျားကို စပြီး တွယ်ကြတော့မှာ၊ နှိပ်စက်ကြတော့မှာ။ ခင်ဗျားကိုယ်က ရှိသမျှအဝတ်အစားတွေအားလုံး ဆွဲချွတ်လိုက်ကြပြီ။ မိမွေးတိုင်း ဖမွေးတိုင်း အနေအထားနဲ့ ဝိုင်းရိုက်ကြမယ်။ ထိုးကြ ကြိတ်ကြမယ်။ နည်းမျိုးစုံနဲ့နှိပ်စက်ကြမယ်။ သတိမေ့တဲ့အထိ။ ခင်ဗျားသတိလစ်သွားပြီဆိုရင် ခင်ဗျားမျက်နှာပေါ် ရေလောင်းချပြီး သတိပြန်ရလာအောင်လုပ်ကြမယ်။ နောက်ပြန်ရိုက်။ တခါ သတိရအောင်ပြန်လုပ်။ နောက်တခါထပ်ရိုက်။ နောက်တခါ သတိရအောင်ပြန်လုပ်။ နောက်တကြိမ်၊ နောက်တကြိမ်၊ ဒီလိုနဲ့အကြိမ်ပေါင်းများစွာ။ ပြီးရင် ခင်ဗျား ညို့သကျည်းပေါ် ဒလိမ့်တုံးတင်ပြီး အထက်ပြန်၊ အောက်ပြန် လှိမ့်ကြမယ်။ အရေပြားတွေလန်ပြီး၊ မခံမဆန့်ဝေဒနာနဲ့ ငယ်သံပါအောင်အော်တဲ့အထိ။ အဲသလို ခင်ဗျားမှာတော့ နာကျင်မှုတွေခံစားနေရချိန်၊ သူတို့တွေကတော့ ခင်ဗျားကိုကြည့်ပြီး ဟားတိုက်လို့။ ရယ်လို့ မောလို့။ ပြီးတော့ ပြောသေးတယ် ***မင်းတင်မကဘူး၊ မင်းမိသားစုပါ သေဖို့သာပြင်ထားပေရော့*** လို့ ခြိမ်းလား ခြောက်လား။ အဲဒီအချိန်ထိ ခင်ဗျားမှာ လက်ထိပ်တန်းလန်း၊ ခေါင်းစွပ်စွပ်လျက်သား။ ကိုယ့်ကိုယ် ခုခံကာကွယ်နိုင်တဲ့၊ လှုပ်နိုင်ရှားနိုင်တဲ့အနေအထား ဘာဆို ဘာမှမရှိ။ ဒီနောက် ခင်ဗျားကို ထပ်ပြီး ညှဉ်းဆဲကြလိမ့်အုံးမယ်။ လေယာဉ်ပျံစီးခိုင်းတာ၊ မော်တော်ဆိုင်ကယ် စီးခိုင်းတာမျိုး။ ခန္ဓာကိုယ်တစ်ခုလုံး ညောင်းညာကိုက်ခဲ ခြေကုန်လက်ပန်းကျလာပြီး ဘယ်လိုမှ မခံနိုင်တော့တဲ့အထိ။ တစ်ချိန်လုံးမတ်တတ်ရပ်ခိုင်းထားပြီး တစ်လျှောက်လုံးအဆက်မပြတ်ရိုက်နှက် ထိုးကြိတ်ကန်ကျောက်ရင်းနဲ့ နောက်ဆုံးမတော့ ခင်ဗျားခွေကျသွားရပြီ။ ဘယ်လိုမှမဟန်နိုင်တော့ဘူး။ သာမန် ထိုင်လေ့ထိုင်ထမဟုတ်တဲ့ ပုံစံမျိုးနဲ့ ခင်ဗျားကို ထိုင်ခိုင်းကြမယ်။ ဘယ်လိုမှ တောင့်ခံလို့မရတဲ့အဆုံး လဲကျသွားကြည့်၊ ရက်ရက်စက်စက် ထပ်ရိုက်ကြတော့တာပေါ့။ စစ်ကြောရေးကာလအတွင်း ခင်ဗျားအတွက် အစားအသောက်၊ ရေ၊ ဘယ်တော့မှ မမျှော်လင့်နဲ့။ အိပ်စက်ခြင်းဆိုတာ ဘာကိုခေါ်သလဲလို့ မေးယူရလောက်တယ်။ ကျင်ကြီး ကျင်ငယ် စွန့်ခွင့်ရဖို့သူတောင်းစားလို တောင်းပေတော့။ ခင်ဗျားတကိုယ်လုံး

နာကျင်ခြင်းအတိ၊ ဒဏ်ရာဗရပွ၊ လူရုပ်မပေါက်တော့တဲ့ဘဝ။ အသက် ရှင်သန်နေဖို့ အနိုင်နိုင် ရုန်းကန်နေရတဲ့ အခြေအနေ။ အဲဒီအချိန်မှာ ဘဝဆိုတာ အဲဒါထက် ဘာမှမပိုတော့။

နောက်ဆုံး နှိပ်စက်ညှဉ်းပန်းတာတွေတော့ ရပ်လိုက်ပြီ။ ခေါင်းစွပ် ပြန်စွပ်မယ်၊ ပြီးရင်ထောင်ပို့တော့မယ်။ ဟိုမှာ နောက်ထပ် ၇ နှစ်၊ ဒါမှမဟုတ် ဒီ့ထက်ပိုကြာကြာနေဖို့သာပြင်ပေတော့။ အဲဒီအချိန်အထိ ခင်ဗျားမိသားစုနဲ့၊ ဒါမှမဟုတ် ရှေ့နေ တယောက်ယောက်လောက်နဲ့ တွေ့ခွင့်ပေးလိမ့်မယ်လို့တော့မထင်လိုက်နဲ့။ ဘယ်လိုမှခွင့်မပြုကြဘူး။ ငါတော့ ဘယ်အချိန် ထောင်ကျမလဲမသိဘူးဆိုတဲ့ အတွေးနဲ့ခင်ဗျားစိတ်မောနေရမယ့် အချိန်လေ။ ထောင်ထဲက အခန်းကျဉ်းလေးတခုထဲမှာ ခင်ဗျားရဲ့ အမှုတွဲတွေက ၅ ယောက်လောက်၊ ရာဇဝတ်အကျဉ်းသားက ၂ ယောက်လောက်၊ မြေကြွက်ကြီး ၅ ကောင်လောက်နဲ့အတူ ထည့်ပိတ်ထားလိုက်ပြီ။ ပြီးတော့ ခင်ဗျားကို မကျက်တကျက်ချက်ထားတဲ့၊ စားစရာလို့ မည်ကာမတ္တ အရာတွေလာကျွေးကြလိမ့်မယ်။ မစားနိုင်ရင်နေလေ။ ဘာခြုံထည် ခင်းထည်မှမပါဘဲ သမံတလင်းပေါ်ကျိန်းစက်ပေတော့။ ကျင်ကြီးကျင်ငယ်စွန့်ဖို့ ဂန်ဖလားလို့ခေါ်တဲ့ စဥ့်အင်တုံ တစ်လုံးလာပေးမယ်။ အဲဒီအထဲပေါက်ထည့် ပါထည့်ပေါ့။ လာမသိမ်းတာကြာတဲ့အခါမျိုးဆိုရင်တော့ အညစ်အကြေးတွေလျှံကျ၊ လောက်တဖွားဖွား၊ မသတီစရာ အနံ့ဆိုးတွေ ပုတ်လို့ဟောင်လို့။ တခန်းလုံးနံစော် ညစ်ပတ်။ တနေ့ကို ရေချိုးဖို့ ထမင်းစားပန်းကန်ပြား ၆ ချပ်စာခွင့်ပြုမယ်။ စာဖတ်ခွင့်မရှိ၊ ဖတ်စရာစာအုပ်လည်းမရှိ။ စိတ်လက်ကြည်နူးချမ်းမြေ့စရာ ဘာဆို ဘာမှမရှိ။ တကယ်လို့ ဖတ်စရာလေး ဘာလေး ရှိဦးတောင်မှ ၊ ခင်ဗျားအခန်းက ဒီလောက်မှောင်မဲပြီး စိုထိုင်းနေမှတော့ ဘယ်နှယ့်လုပ်ကော ဖတ်လို့ရမှာတဲ့လဲ။ ဒီလိုနဲ့ တနေ့မှာ ခင်ဗျားကို ရုံးထွက်ရမယ်ဆိုပြီး လာခေါ်ကြမယ်။ နောက်တော့ ၅ မိနစ် တရားခွင် ရင်ဆိုင်ခွင့်ပေးမယ်။ တရားသူကြီးလို့ဆိုတဲ့ ပုဂ္ဂိုလ်က ခင်ဗျားကိုချမှတ်လိုက်တဲ့ စီရင်ချက်အမိန့်စာကို ဖတ်ပြမယ်။ ကိုယ့်ကိုယ် ကို ခုခံကာကွယ်နိုင်ဖို့ အခွင့်အရေးရလိမ့်မယ်လို့ ဘယ်တော့မှ မထင်လိုက်လေနဲ့။

နောက်တော့ ခင်ဗျားကို ထောင်ထဲပြန်ခေါ်လာမယ်။ အခြေအနေကတော့ ထူးမခြားနားဘဲ။ ကြာလာတော့ နေထိုင်မကောင်းဖြစ်လာမယ်။ ဖျားမယ်၊ နာမယ်၊ ကိုယ်လက်မအီမသာဖြစ်လာမယ်။ အဲသလောက်ဖြစ်နေတာတောင် ဆရာဝန်ပြခွင့်မပြုဘူး။ ဒီလိုနဲ့ ခင်ဗျားအခြေအနေက ပိုပိုဆိုးလာပြီ။ ဘာဆရာဝန်၊ ဘာဆေးဝါးမှ မရှိဘူး။ အိမ်ကိုသာမျှော်ပေတော့။ အိမ်က ထောင်ဝင်စာလာရင် ခင်ဗျားလိုတဲ့ဆေးဝါး၊ အစားအသောက်တွေကိုမှာ။ ဒါပေမယ့် ခက်နေတာက ခင်ဗျားကိုထားတဲ့ထောင်နဲ့ ခင်ဗျားအိမ်နဲ့က မိုင်ရာချီဝေးနေပြီဆိုရင်တော့ခက်ပြီ။ ဘယ်နှယ့်လုပ် မကြာမကြာလာနိုင်ပါ့မလဲ။ နောက်ဆုံး မိသားစု လာတဲ့အချိန်လည်းကျရော ခင်ဗျားရောဂါက ပျောက်နေပြန်ပြီ။ ပြောရရင် ဖြစ်နေတဲ့ဝေဒနာကို ကြိတ်မှိတ်ခါးစည်းခံရင်း လွန်မြောက်ရတာမျိုး။ ခင်ဗျားကတော့ တော်သေးတယ်လို့ပဲ ဆိုရတော့မလို။ ဘာလို့လည်းဆိုတော့ ထောင်ဝင်စာလေးဘာလေး ရှိသေးတာကိုး။ တချို့ဆို ခင်ဗျားလောက် ကံမကောင်းကြရှာဘူး။

ဒီလိုနဲ့ အချိန်တွေကုန်သွားလိုက်တာ တနှစ်ပြီး တနှစ်။ တနေ့မှာ ထောင်အာဏာပိုင်တွေက ခင်ဗျားကိုလာပြောမယ်။ ခင်ဗျားကိုလွှတ်တော့မယ်ပေ့ါ။ ခင်ဗျားလည်း တကယ်မှတ်ပြီး အိမ်ပြန်ဖို့ပြင်လို့ ဆင်လို့။ ဒီလိုနဲ့ ထောင်ဖူးဝနားရောက်လာပြီ။ အိမ်က မိသားစုတွေကိုလည်း လှမ်းတွေ့နေရပြီ။ အဲဒီအချိန်လေးမှာဘဲ သူတို့ခင်ဗျားကို ပြန်ဖမ်းလိုက်ကြတာ။ နောက်ထပ် ၅ နှစ်ထပ်ချုပ် လိုက်တယ်တဲ့။ ဘယ်ရုံးမှလည်း မတင်ဘူး။ ဘာစွဲချက်နဲ့မှလည်း ထောင်ချတာမဟုတ်ဘူး။ ခင်ဗျား ဘယ့်နှယ်လုပ်ကျေနပ်နိုင်ပါ့မလဲ။ ဘယ်လောက်ပဲစောဒက တက်ချင်ဦးတော့၊ တက်ဝံ့ဖို့ခက်တယ်။ မယုံရင်တက်ကြည့်လေ။ သေချာတယ်။ ခင်ဗျားကို စစ်ကြောရေးစခန်း နောက်တကြိမ်ပြန်ပို့ကြလိမ့်မယ်ဆိုတာ။

အဆုံးတနေ့မတော့ သူတို့ခင်ဗျားကို ထောင်ကလွှတ်လိုက်ပြီ။ ခင်ဗျားအိမ်ပြန်ရောက်မှ ခင်ဗျားအမေသေတာကို သိရတော့တာ။ တကယ်က ခင်ဗျားထောင်ထဲရှိနေတုန်းကတည်းက အမေကကွယ်လွန်ခဲ့တာလေ။ ဇနီးသည်ကလည်း နောက်အိမ်ထောင်ပြုလိုက်ပြီတဲ့။ အိမ်မှာ ကျန်နေသေးတဲ့ ကလေးတွေကလည်း ခင်ဗျားကိုကောင်းကောင်းမမှတ်မိဘူးဖြစ်နေတယ်။ သူတို့နဲ့ပြန်ပြီးနွေးနွေးထွေးထွေးဖြစ်လာအောင် အတော်တော့ လုပ်ယူရလိမ့်ဦးမယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျား အလုပ်တခုခုတော့ ရဖို့ ကြိုးစားရှာကြည့်ရမှာဘဲ။ ဒါမှမဟုတ် ကျောင်းပြန်တက်ဖို့ လုပ်ရမယ်လေ။ နောက်တခုက ခင်ဗျား နှိပ်စက်ညှဉ်းပန်းခံခဲ့ရတဲ့ ကာလတွေမှာ၊ ထောင်သွင်းအကျဉ်းချခံထားရတဲ့ကာလတွေမှာ ခင်ဗျားဆီကနေ လုယူဖျက်ဆီးခြင်းခံလိုက်ရတဲ့ ခင်ဗျားရဲ့ ဝိသေသလက္ခဏာတွေကို ပြန်ရဖို့တော့ မဖြစ်မနေလုပ်ရမှာပေ့ါ။ ဒါပေမယ့် ခင်ဗျားမှာ အလုပ်တခုခုရဖို့ရာ အခက်အခဲက တော်တော့်ကို ကြီးနေပြီ။ တက္ကသိုလ်ကလည်း ခင်ဗျားကိုကျောခိုင်းလိုက်ပြီပေ့ါ။ စစ်ထောက်လှမ်းရေးတွေကလည်း ခင်ဗျားနောက်ကိုရော၊ ခင်ဗျားမိသားစုနောက်ကိုရော အရိပ်လို ထပ်ချပ်မကွာလိုက်လို့။ ဒီအချိန်မှာ ခင်ဗျား ပြန်အဖမ်းခံရမှာကို စိုးရိမ်နေရချိန်။ စိတ်ဓါတ်တွေလည်းကျ၊ ပတ်ဝန်းကျင်ကလည်း ခင်ဗျားကိုသိပ်အဖက်မလုပ်ချင်၊ အဖက်မလုပ်ရဲ။ မိတ်ဟောင်းဆွေဟောင်း တွေကလည်း ခင်ဗျားနဲ့ ဆက်ဆံရမှာကို ခပ်လန့်လန့်။ မပေါင်းချင်မသင်းချင်တော့သလိုမျိုး။ လူတွေကခင်ဗျားကို နားလည်မှုလွဲတာတွေ၊ အထင်အမြင်လွဲတာတွေ ဖြစ်လာကြပြီ။ အဲဒီလို ဖြစ်နေတာတွေကို သူတို့နားလည်အောင် ခင်ဗျား ဘယ်လိုလုပ်ရှင်းပြနိုင်မှာလဲ။ နောက်ဆုံးတော့ ခင်ဗျား မလွှဲသာမရှောင်သာ ဆုံးဖြတ်လိုက်ရပြီ။ ငါ့တိုင်းပြည်မှာ ငါ့အတွက် ဘာအနာဂါတ်မှမရှိတော့ဘူး။ ဒါဆိုဘာလုပ်မလဲ။ ညအမှောင်ထုကနေပြီး ရေရာသေချာမှု မရှိတဲ့ အနာဂါတ် တခုခုဆီကို မှန်းဆရော်ရမ်းရင်းတိမ်းရှောင်ခဲ့ရပြီ။

# The Darkness We See:

ခင်ဗျားဟာ
မြန်မာပြည်က နိုင်ငံရေးအကျဉ်းသားတယောက်ဆိုတာ
သေချာနေပါပြီ။



## Torture in Burma's Interrogation Centers and Prisons

Assistance Association for Political Prisoners

(Burma)